ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လွိုင်ကော်-ရှားတောမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၉-၂၀၂၀)

## Village Development Plan(VDP)


လွိုင်ကော်မြို့နယ်၊ ထီးစဲခါးကျေးရွာအုပ်စု၊ကုန်းပေါင်းကျေးရွာ

# မာတိကာ

အကြောင်းအရာ | စာမျက်နှာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ မြို့နယ်ပြမြေပုံ | ၃ |
| ၂။ အုပ်စုမြေပုံ | ၄ |
| ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄။ ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) | ၆ |
| ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၇ |
| ၆။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ | ၈ |
| ၇။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် | ၉ |
| ၈။ ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ | ၁၁ |
| ၉။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် | ၁၂ |
| ၁၀။ ရာသီခွင်ပြဇယား | ၁၄ |
| ၁၁။  ရာသီခွင်ပြဇယားသုံးသပ်ချက် | ၁၅ |
| ၁၂။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု | ၁၇ |
| ၁၃။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် | ၁၉ |
| ၁၄။ ပင့်ကူအိမ်ပြပုံ (ကျား၊မ) | ၂၀ |
| ၁၅။ ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) | ၂၁ |
| ၁၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၂၂ |
| ၁၇။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် | ၂၃ |
| ၁၈။ ကော်မတီဝင်များစာရင်း | ၂၄ |
| ၁၉။ ကျေးရွာအချက်အလက်များ (ပုံစံ-၁) | ၂၇ |
| ၂၀။ စီမံကိန်းအချိန်ဇယား (ပုံစံ-၂) | ၃၀ |
| ၂၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၃၁ |
| ၂၂။ အစည်းအဝေးမှတ်တမ်းများ | ၄၀ |
| ၂၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၄၁ |
| ၂၄။ ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား | ၄၃ |
| ၂၅။  ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ | ၄၄ |

# လှိုင်ကော်မြို့နယ်မြေပုံ



လှိုင်ကော်မြို့နယ်
N
စကေး - ၁လက်မ = ၄မိုင်
ရှမ်းပြည်နယ်
ရှားတောမြို့နယ်
ဒီးမော့ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
နိုင်ငံတော်နယ်နိမိတ်
ပြည်နယ်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြစ်ချောင်း
ကားလမ်း

# ကျေးရွာအုပ်စုမြေပုံ



# ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဥ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | ထီးစဲခါး | ထီးစဲခါး | |
| ၂။ | ထီးစဲခါး | ကျိုင်းတုံ | |
| ၃။ | ထီးစဲခါး | နန်းဟူး | |
| ၄။ | ထီးစဲခါး | နန်းဟူးစံပြ | |
| ၅။ | ထီးစဲခါး | ကုန်းမှီကို | |
| ၆။ | ထီးစဲခါး | လင်ဖုံကြီး | |
| ၇။ | ထီးစဲခါး | ဂမ်ပန် | |
| ၈။ | ထီးစဲခါး | ကုန်းပေါင်း | |
| ၉။ | ထီးစဲခါး | ဒေါ်ဆော်ဂဲ | |
| ၁၀။ | ထီးစဲခါး | ကွန်နား | |
| ၁၁။ | ထီးစဲခါး | ကွန်းနားကလိုးရူ | |
| ၁၂။ | ထီးစဲခါး | ဂမ်ခိုင်း | |
| ၁၃။ | ထီးစဲခါး | ဒေါ်တဟေး | |
| ၁၄။ | ထီးစဲခါး | ဘုရားဖြူ | |
| ၁၅။ | ထီးစဲခါး | ရေကန် | |
| ၁၆။ | ထီးစဲခါး | မိုက်တိန်းဆုံ | |
| ၁၇။ | ထီးစဲခါး | နားကွယ် | |

လူထုဗဟိုပြုစီမံကိန်းမှလူထုပူးပေါင်းပါဝင်သောနည်းဖြင့်စတုတ္ထနှစ်စီမံကိန်းမိတ်ဆက်အစည်းအဝေး

(၂၀၁၉-၂၀၂၀ ) ခုနှစ်

ကျေးရွာအုပ်စုအမည် - ထီးစခါး   ကျေးရွာအမည်-ကုန်းပေါင်းကျေးရွာ   ရက်စွဲ - ၁၇.၉ . ၂၀၁၉

*၁။ ကျေးရွာသမိုင်းကြောင်း*

ကုန်းပေါင်းကျေးရွာသည်လွန်ခဲ့သော နှစ်ပေါင်း(၁၆၀)ကျော်ခန့် ကစတင်တည်ထောင်ခဲ့သည်။ ဆီဆိုင်မြို့မှ အိမ်ထောင်စု(၄)စုဖြင့် ပြောင်းရွှေ့လာကာ ကုန်းပေါင်းကျေးရွာကို စတင်တည်ထောင်ခဲ့သည်။ စတင်တည်ထောင်သူမှာဦးလုံးတုတ်၊ ဒေါ်နန်းပေါင်တို့မှ စတင်နေထိုင်ခဲ့သည်။ ရှမ်းလူမျိုးစုများဖြင့်စတင်နေထိုင်ခဲ့သည်။ ကုန်းပေါင်းကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည်။ နှစ်အနည်းငယ်ခန့်ကြာလာသောအခါတွင် ဖရူဆိုမြို့နယ် ၊နန့်ဖဲကျေးရွာမှ အိမ်ထောင်စုများ ပြောင်းရွှေ့နေထိုင်လာကြပြီးအိမ်ထောင်စု(၄)စုမှ စုစုပေါင်းအိမ်ထောင်စု(၂၀)စု တိုးပွားလာခဲ့သည်။ ထိုအချိန်တွင်နယ်မြေ မတည်ငြိမ်မှုကြောင့် အခြားသောကျေးရွာသို့ အိမ်ထောင်စုတချို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ကျန်ရှိသော အိမ်ထောင်စုများသည် (၁၃၃၈)ခုနှစ်တွင် ဘုန်းကြီးကျောင်းကိုရွာ၏ အရှေ့ဘက်တွင် စတင်တည်ဆောက်ခဲ့သည်။ (၁၃၄၇) ခုနှစ်တွင် ရွာ၏အရှေ့ဘက်တွင် စေတီစတင်တည်ထောင်ပြီး (၁၃၇၀)ခန့်တွင် ဘုန်းကြီးကျောင်း ကိုကျေးရွာ၏ အနောက်ဘက်တွင် ပြောင်းရွှေ့တည်ဆောက်ခဲ့သည်။ (၁၃၄၉)ခုနှစ်ခန့်တွင် ဒေါဆော်ဂဲကျေးရွာမှ ကယားလူမျိုး(အိမ်ထောင်စု) အချို့ပြောင်းရွှေ့နေထိုင်လာကြပြီးယခုအခါတွင် ကုန်းပေါင်းကျေးရွာ၏ စုစုပေါင်းအိမ်ခြေသည်(၃၆)အိမ် ထိတိုးပွားလာခဲ့သည်။ ယခင်အခါက လယ်ယာပိုင်ဆိုင်မှုများပြားသော်လည်း ယခုအခါတွင် လယ်ယာပိုင်ဆိုင်သော အိမ်ထောင်စု(၆)အိမ်သာ ကျန်ရှိပါတော့သည်။ ၂၀၁၉ခုနှစ်တွင် ကုန်းပေါင်းကျေးရွာ၏ စုစုပေါင်းလူဦးရေသည် (၁၅၆)ဦးရှိပါသည်။ လူဦးရေတိုးပွားလာသည်နှင့်အမျှ စိုက်ပျိုးမြေနေရာမရှိသောကြောင့် အလုပ်အကိုင်ရှားပါးပြီးအခြားဒေသသို့ သွားရောက်အလုပ်လုပ်ကြသည်။ ကုန်းပေါင်းကျေးရွာတွင်စာသင်ကျောင်း မရှိသောကြောင့် ဒေါဆော်ဂဲကျေးရွာသို့ သွားရောက် ပညာသင်ကြားရသည်။

မှတ်တမ်းတင်သူ


အမည် - ဒေါ်နန်းစိန်န

ရာထူး - လူထုစည်းရုံးရေးမှူး

## လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်ဇယား

| | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပ | |
| ၁ | လူမှုရေးအရင်းအမြစ်ပြမြေပုံ (social Map/Resource Map) | ၁၇.၉.၂၀၁၉ | ရပ်မိ၊ရပ်ဖ ကော်မတီဝင်များ | ၂၀ | ၁၃ | ၃၃ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေ၊မြစ်ချောင်း၊ ရေတွင်းရေကန်သစ်တောများ |
| ၂ | ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက် (Wealth Ranking) | ၁၇.၉.၂၀၁၉ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးအုပ်စု | ၂၀ | ၁၃ | ၃၃ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများသတ်မှတ်ခြင်း ကျေးရွာသားမျးနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၇.၉.၂၀၁၉ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၂၀ | ၁၃ | ၃၃ | အမျိုးသမီးနှင့် အမျိုးသားများ ပိုင်ဆိုင် ပြီးထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု(သို့) အရင်းအမြစ်များကိုသုံးသပ်ခြင်း |
| ၄ | ရာသီခွင်ပြက္ခဒိန် Seasonal Calender | ၁၇.၉.၂၀၁၉ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၂၀ | ၁၃ | ၃၃ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ ဝင်ငွေထွက်ငွေ၊မွေးမြူရေးလုပ်ငန်းများ၊ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၁၇.၉.၂၀၁၉ | အမျိုးသား၊ အမျိုးသမီးများ | ၂၀ | ၁၃ | ၃၃ | အမျိုးသား၊အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အ ကြောင်းအရင်းများ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်ပုံ(Venn Diagram) | ၁၇.၉.၂၀၁၉ | ကျေးရွာလူမှုဖွံ့ဖြိုးရေးအဖွဲ့၊အုပ်ချုပ်ရေးဖွဲ့ ၊ကျေးရွာစီထောက်အဖွဲ့ | ၂၀ | ၁၃ | ၃၃ | ကျေးရွာတွင်ရှိအဖွဲ့အစည်းများနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်မှု |

# ကုန်းပေါင်းကျေးရွာ၏ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ



## ကုန်းပေါင်းကျေးရွာ၏ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ

## ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်

ကုန်းပေါင်းကျေးရွာသည် လွိုင်ကော်မြို့နယ် ၊ ထီးစဲခါးအုပ်စုထဲတွင် ပါဝင်သော ရွာငယ်လေး တစ်ရွာဖြစ်သည်။ ကုန်းပေါင်းကျေးရွာ၏ စုစုပေါင်းအိမ်ခြေသည် (၃၆)အိမ်ရှိပြီး ရှမ်းလူမျိုးစု(၂၃)အိမ်နှင့် ကယားလူမျိုးစု(၁၃)အိမ် နေထိုင်ကြသည်။ ကျေးရွာသည် အရှေ့ဘက်ခြမ်းတွင် ရှမ်းလူမျိုးစုများ နေထိုင်ကြပြီး အနောက်ဘက်ခြမ်းတွင် ကယားလူမျိုးများနေထိုင်ကြသည်။ ရှမ်းလူမျိုးစုသည်ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး ကယားလူမျိုးစုသည် ရိုးရာဖြစ်သော တံခွန်တိုင်ကိုးကွယ်ကြသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် လယ်ကွင်းများရှိပြီး အနောက်ဘက်တွင် တောင်ယာ၊ပြောင်းခင်းများ၊ တောင်ကုန်းများရှိပါသည်။ တောင်ဘက်တွင် ဒေါဆော်ဝဲကျေးရွာရှိပြီး မြောက်ဘက်တွင် ဝမ်ပန်ကျေးရွာ၊ ပြောင်းခင်း၊ ကြက်သွန်စိုက်ခင်းများရှိပါသည်။

ကျေးရွာတွင်နေထိုင်သော အိမ်ထောင်စုဝင်အားလုံးနီးပါးသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည်။ စပါး၊ပြောင်းကို အဓိကစိုက်ပျိုးသီးနှံများဖြစ်ပြီး ပဲစင်းငုံ ၊ မြေပဲတို့ကို အနည်းငယ် စိုက်ပျိုးပါသည်။ မိုးရာသီတွင် ဟင်းသီးဟင်းရွက်၊ ကြက်သွန်ဖြူ၊ငရုတ်သီး၊ဖရုံသီး၊ပဲသီး စသည်တို့ကို အိမ်သုံးသီးနှံအဖြစ်စိုက်ပျိုးထားကြပါသည်။ ဆောင်းရာသီတွင် အိမ်အတွက်စားသုံးရန် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ မုန်ညင်းကို ရေသွင်းနည်းဖြင့် တပိုင်တနိုင် စိုက်ပျိုးထားပါသည်။

လုပ်ငန်းအားလပ်သောအချိန်တွင် အမျိုးသားများသည် နောင်လုံကန်တွင် ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ကြသည်။ လွန်ခဲ့သော(၆)နှစ်ခန့်နှင့်နှိုင်းယှဉ်လျှင် သစ်တောများပြုန်း တီးမှုဖြစ်လာပြီး ရေအရင်း အမြစ်ထွက်ရှိမှု လျော့ကျလာလျက်ရှိကြောင်းတွေ့ရှိရသည်။ စိုက်ပျိုးမြေနေရာ တွင်မြေဩဇာဓါတ်လျော့ကျပြီး စိုက်ပျိုးသီးနှံများ အထွက်နှုန်းလျော့ကျလာကြောင်း ဆွေးနွေးချက်များအရသိရှိရသည်။ ကုန်းပေါင်းကျေးရွာသည် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ခြင်း မရှိကြပေ။ လယ်ယာစိုက်ပျိုးရေးထွန်ယက်ရန် ခိုင်းနွားများကို မွေးမြူထားခြင်း၊ အိမ်တိုင်းတွင် ကြက်ကိုမွေးမြူထားကြသည်။ အချို့သောအိမ်များတွင် ဝက်မွေးမြူထားကြပါသည်။

လွိုင်လင်လေး၊ လွိုင်ကော်မြို့နှင့်ဆက်သွယ်ထားသော လမ်းမကြီးသည်ကောင်းမွန်သော်လည်း မိုးရာသီ တွင် ကုန်းပေါင်းကျေး၏ ရွာတွင်းလမ်းသွယ်လမ်းကြားများသည် ဗွက်ထသောကြောင့် သွားလာရာတွင် ခက်ခဲမှုကြုံတွေ့ရသည်။၂၀၁၇ခုနှစ်တွင် လူထုဗဟိုပြုစီမံကိန်းမှ ကျေးရွာလမ်းကြား တံတားများကို တည်ဆောက်ပေးထား သောကြောင့် သွားရေးလာရေး လွယ်ကူစေပြီး သီးနှံများသယ်ဆောင်ရာတွင်လည်း အဆင်ပြေချောမွေ့ လာစေသည်။

ကုန်းပေါင်းကျေးရွာတွင် ရှိသော ပညာရေးအခြေခံအဆောက်အအုံများဖြစ်သော စာသင်ကျောင်း၊ မူကြိုကျောင်း မရှိသဖြင့် ဒေါဆော်ဂဲကျေး ရွာအထိကလေးများသွားရောက် ပညာသင်ကြားလျက်ရှိသည်။ ကုန်းပေါင်းကျေးရွာ၏ ပညာရေးအခြေအနေကို သုံးသပ်ခြင်းအားဖြင့် ပညာတတ်မြောက်မှု အားနည်းနေသေးကြောင်း ဆွေးနွေးချက်များအရသိရှိရသည်။ ကျေးရွာ၏ရေရရှိမှုအခြေအနေမှာ အိမ်တိုင်းတွင် လက်တူးတွင်းများ တူးဖော်ထားကြသော်လည်း နွေရာသီတွင်ရေလျော့နည်းလာကာ ရေအရင်းအမြစ် လျော့နည်း မှုအခက်အခဲကြုံတွေ့ရသည်။ နွေရာသီတွင်သောက်သုံး ရေလျော့ကျလာသဖြင့် သန့်ရှင်း

သော သောက်သုံးရေမရရှိသောကြောင့် ကျန်းမာရေးပြဿနာများ လည်းကြုံတွေ့လျက်ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းလုပ် ဆောင်ရန်မိုးရေနှင့် ဆည်မြောင်းရေအရင်းအမြစ်ကို အဓိက အသုံးပြုကြရသည်။

ကျေးရွာတွင် ဆေးပေးခန်းမရှိသောကြောင့် ကျန်းမာရေးပြဿနာ ကြုံတွေ့လာသောအခါတွင် လင်ဖုံကြီးကျန်းမာရေးဌာနခွဲသို့ ပို့ဆောင်ကုသကြရသည်။ အရေးပေါ်အခြေအနေတွင် လှိုင်လင်လေးဆေးရုံ (သို့မဟုတ်) လှိုင်ကော်ဆေးရုံသို့ သွားရောက်ကုသရသည်။ ကရင်နီကျန်းမာရေးအဖွဲ့မှ တစ်လ(၁)ကြိမ်လာရောက်ပြီး ဆေးဝါးထောက်ပံ့ကုသပေးပါသည်။

ကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသောကြောင့် သီးနှံအထွက်နှုန်း လျော့ကျသွားသောနှစ်တွင် စားဝတ်နေရေးမလုံလောက်သော အခက်ခဲကြုံတွေ့ရလေ့ရှိပါသည်။ ကျေးရွာတွင် လူအင်အားငွေအင်အားနည်းသဖြင့် ကျေးရွာသာရေးနာရေးကိစ္စပြုလုပ်ရန် ခန်းမဆောင်တည် ဆောက်နိုင်ရန်အတွက် အလွန်ခက်ခဲလှသည်။ အစည်းအဝေးကို ကျေးရွာဘုန်းကြီးကျောင်းတွင်သာ ပြုလုပ်နေရပြီး ဘာသာရေးနှင့် မသက်ဆိုင်သော အကြောင်းအရာများ ဆွေးနွေးရာတွင် နေရာထိုင်ခင်း အခက်အခဲကြုံတွေ့ရသည်။ ထို့ကြောင့်(၂၀၁၈-၂၀၁၉) ခုနှစ်တွင် လူထုဗဟိုပြုစီမံကိန်းမှ ကျေးရွာခန်းမဆောင်ကို တည်ဆောက်ပေးခဲ့သည်။

ကျေးရွာတွင် အမျိုးသမီးများ ဦးဆောင်သော အိမ်ထောင်စု (၇)စုရှိပါသည်။ ယခုလက်ရှိအချိန်ထိ ကျေးရွာပြင်ပသော ပြောင်းရွှေ့သွားသော အိမ်ထောင်စုမရှိချေ။ ကျေးရွာပြင်ပမှ ဝင်ရောက်လာသော အိမ်ထောင်စုများလည်းမရှိချေ။ အိမ်ထောင်စုများ ခွဲထွက်ကာ အိမ်ခြေများ တိုးပွားလာခြင်းဖြစ်သည်။

ကုန်းပေါင်းကျေးရွာဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်များမှာ ကျေးရွာတွင်းလမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်ရန်လိုအပ်ခြင်း၊ ခန်းမဆောင်ခြံစည်းရိုးနှင့် ခန်းမဆောင်အိမ်သာလိုအပ်ခြင်း၊ သန့်ရှင်းသော ရေရရှိရန်လိုအပ်ခြင်း၊ မိဘများကောင်းမွန်စွာ အလုပ်လုပ်နိုင်ရန်အတွက် မူကြိုကျောင်းများ ထောက်ပံ့ပေးစေရန်၊ စာသင်ကျောင်းတည်ဆောက်ရန်လိုအပ်ခြင်း၊ စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်စားသောက်ရသောကြောင့် သီးနှံများအထွက်တိုးစေရန် စိုက်ပျိုးရေးမျိုးစေ့များ/ အရင်းအနှီးများ/နည်းပညာများ / မြေဩ ဇာများလိုအပ်ခြင်း၊ ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ရန်လိုအပ်ခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ လိုအပ်နေသေးကြောင်း ဆွေးနွေးချက်များအရ သိရှိရသည်။

# ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ

**မြို့နယ် - လွိုင်ကော်၊ ကျေးရွာအုပ်စု - ထီးစဲခါး၊ ကျေးရွာ -ကုန်းပေါင်း၊ ရက်စွဲ ၁၇.၉.၂၀၁၉**

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေးအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင်ပြေသော အဆင့် | တိုက်အိမ်(သွပ်မိုး)၊ပျဉ်ထောင်အိမ်၊ထော်လဂျီ၊ကား၊ ကိုင်းရှည်ထွန်စက်၊ဆိုင်ကယ်၊နွား၊ကြက်၊ဖုန်း၊TV၊လယ်(၅)ကေနှင့်အထက်၊တောင်ယာ(၈)ကေနှင့်အထက်၊ ကလေးများကိုအထက်တန်းထိကျောင်းထားနိုင်ခြင်း၊ တစ်နှစ်ပတ်လုံးစားဝတ်နေရေးပြေလည်မှုရှိခြင်း၊ တချို့ဈေးဆိုင်ဖွင့်လှစ်ထားခြင်း၊ မြတ်ရိတ်စက်၊ ရေဖော်စက်။ | ၇ | ၁၉% |
| အလယ်အလတ် အဆင့် | ပျဉ်အိမ်၊ထရံကာအိမ်၊တိုက်အိမ်၊တောင်ယာ(၄)ကေ၊ ဆိုင်ကယ်၊ကြက်၊ဝက်၊မြတ်ရိတ်စက်၊အချို့လယ်(၂)ကေစိုက်ပျိုးခြင်း၊ကလေးများကိုမူလတန်းထိကျောင်းထောက်ပံ့နိုင်ခြင်း၊စက်ဘီး၊ တစ်နှစ်ပတ်လုံးစားဝတ်နေရေးအသင့်သင့်လုံလောက်မှုရှိခြင်း၊ | ၁၅ | ၄၂% |
| နွမ်းပါးသော အဆင့် | ထရံကာ၊အင်ဖက်မိုး၊သွပ်မိုး၊တောင်ယာ(၁)ကေ၊ကြက်၊ဝက်၊စက်ဘီး၊ကြုံရာကျဘမ်းအလုပ်လုပ်ကိုင်ခြင်း၊ကလေးများ၏ပညာရေးကိုမထောက်ပံ့နိုင်ခြင်း၊ စားဝတ်နေရေးလုံလောက်မှုမရှိခြင်းကြောင့်နေ့စားလုပ်ငန်းလုပ်ကိုင်နေရခြင်း၊ငါးဖမ်းပိုက်။ | ၁၄ | ၃၉% |
| စုစုပေါင်းအိမ်ထောင်စု | | ၃၆ | ၁၀၀% |

**ပါဝင်ဆွေးနွေးသူ**

ကျား- (၂၀)ဦး

မ- (၁၃)ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နန်းစိန်န

ရာထူး - လူထုစည်းရုံးရေးမှူး

## ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ပြဇယား

## ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်များ

ကျေးရွာ၏ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ရာတွင် အဆင်ပြေသောအဆင့်၊ အလယ်အလတ်အဆင့်နှင့် နွမ်းပါးသောအဆင့်ဟူ၍ အဆင့်(၃)ဆင့် သတ်မှတ်ထားကြသည်။ ကျေးရွာ၏ စုစုပေါင်းအိမ်ခြေ(၃၆)ရှိသည့်အနက် အဆင်ပြေသောအုပ်စုတွင် အိမ်ခြေ(၇)အိမ်ခန့်နှင့် (၁၉%)ရှိသည်။ ထိုအုပ်စုသည် တိုက်အိမ်၊ သွပ်မိုးနှင့်တည်ဆောက်ကာ နေထိုင်ကြသည်။ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသောကြောင့် လယ်ယာ၊တောင်ယာကို ထွန်ယက်ရန် ကိုင်းရှည်ထွန်စက်၊မြတ်ရိတ်စက် နှင့် နွားများကို ပိုင်ဆိုင်ထားကြသည်။ သီးနှံသယ်ဆောင်ရန် ကား၊ ထော်လဂျီ၊ နွားလှည်းများကိုလည်း ပိုင်ဆိုင်ထားကြသည်။ အခြားသော ရွှေဘော်စက်၊ ဖုန်း၊ TVများကိုလည်း ပိုင်ဆိုင်ထားကြသည်။ စားသုံးရန်ကြက်များကိုလည်း မွေးမြူထားကြသည်။ ကိုယ်ပိုင်အသေးစားစီးပွားရေး လုပ်ငန်းဖြစ်သော ဈေးဆိုင်ကို ဖွင့်လှစ်ထားခြင်း၊ ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသောကြောင့် တနှစ်ပတ်လုံးစားဝတ်နေရေး အဆင်ပြေစွာ နေထိုင်နိုင်ကြသည်။ ကလေးများကိုလည်း ပညာရေးတွင်ကောင်းစွာထောက်ပံ့နိုင်သည်။ သီးနှံထွက်နှန်းပေါ် မူတည်ပြီး တနှစ်တာဝင်ငွေသည် အတိုးအလျှော့ရှိနိုင်သည်။

အလယ်အလတ် အုပ်စုတွင်(၁၅)အိမ်နှင့် (၄၂%)ခန့်ရှိပြီး ပျဉ်အိမ်၊ ထရံကာ၊တိုက်အိမ်၊ သွပ်မိုးဖြင့်တည်ဆောက်ကာ နေထိုင်ကြသည်။ ထိုအုပ်စုသည်တောင်ယာ(၄)ဧက၊မြတ်ရိတ်စက်၊ ဆိုင်ကယ် စသည်တို့ကိုပိုင်ဆိုင်ထားကြသည်။ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသော သီးနှံရောင်းပြီး ရရှိသောဝင်ငွေများကို သီးနှံပြန်စိုက်ရန် လိုအပ်သော ပြောင်းမျိုး၊ မြေဩဇာများကို ပြန်ဝယ်ရသောကြောင့် တနှစ်ပတ်လုံးစားဝတ်နေရေး အသင့်တင့်လုံလောက်မှုရှိပါသည်။ တနှစ်တာပျမ်းမျှဝင်ငွေသည် (၁၀)သိန်းအောက်ရှိကြသောကြောင့် ကလေးများကို မူလတန်းအဆင့် ထိထောက်ပံ့နိုင်သည်။ တပိုင်တနိုင်စားသုံးရန်ဟင်းသီးဟင်းရွက်စိုက်ပျိုးထားခြင်း ၊ကြက်၊ ဂက်စသည်တို့ကို မွေးမြူထားကြသည်။

နွမ်းပါးအဆင့်အုပ်စုတွင် စုစုပေါင်းအိမ်ခြေသည် (၁၄)အိမ်နှင့် (၃၉%) ခန့်ရှိသည်။ ထရံကာ၊ ဖက်မိုးအိမ်ဖြင့် တည်ဆောက်ကာ နေထိုင်ကြသည်။ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသောကျေးရွာဖြစ်သောကြောင့် ထိုအုပ်စုသည်လည်း တောင်ယာ၊လယ်ယာလုပ်ငန်း အနည်းငယ် လုပ်ကိုင်ကြပါသည်။ နောင်လုံးအင်းတွင် ငါးဖမ်းကာ အနီးအနားကျေးရွာသို့သွားရောက် ရောင်းချကြရသည်။ တနှစ်ပတ်လုံးစားဝတ်နေရေး အဆင်မပြေသောကြောင့်ကြုံရာကျပန်း အလုပ်ဖြစ်သော ခြံအငှားလိုက်ခြင်း ၊ ခြံပိုင်ရှင်ထံတွင်ချေးငွေယူကာ သီးနှံထွက်ချိန်တွင် သီးနှံရောင်းချကာ ပြန်ဆပ်ရခြင်း စသည်တို့ကို လုပ်ကိုင်ကြသည်။ ကလေးများပြီးကလေးများကို ပညာရေး၊ ကျန်းမာရေး၊စားဝတ်နေရေးကို ကောင်းမွန်စွာ မထောက်ပံ့ပေးနိုင်ပေ။

ကုန်းပေါင်းကျေးရွာ၏ အဓိကနွမ်းပါးရသောအကြောင်းရင်းမှာ သီးနှံများပိုးမွှားများဖျက်ဆီးကာ အထွက်နည်းပြီး ဈေးကောင်းများမရရှိခြင်း၊ ဝင်ငွေရသောအလုပ်အကိုင်အခွင့် အလမ်းရှားပါးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် အခြေခံအရင်းအနှီးများမရှိခြင်း၊ မိသားစုဝင်များခြင်း၊ စိုက်ပျိုးမြေနေရာမရှိခြင်း၊ လုပ်အားခနည်းပါးခြင်း၊ ပညာသင်ကြားခွင့်မရရှိခြင်းတို့ကြောင့်ဖြစ်သည်။ နွမ်းပါးသူများအတွက် စိုက်ပျိုး

ရန် အရင်းအနှီးထောက်ပံ့ပေးခြင်း၊ စိုက်ပျိုးရေးနည်းပညာသင်တန်းပေးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းဖြင့် စားဝတ်နေရေး ပိုမို အဆင်ပြေလာနိုင်ကြောင်း သုံးသပ်မိသည်။

# ရာသီခွင်ပြ ဇယား၏ မြေပုံ

## ရာသီခွင်ပြကွဒ်ိန်

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  | | | | | | | | | | | |
| စိုက်ပျိုးရေး | ကြက်သွန်မြိတ် | ပြောင်းဖူး စိုက် | [illegible] ပေါ်ပျိုး ထောင် | [illegible] ဆေးဖျန်း | | ကောက်တော ပေါင်းရှင်းသိမ်း | ပေါင်းရှင်းသိမ်း ပြောင်း ချိုး | ပေါင်းသိမ်း ပြောင်း ချိုး | | | ပဲဆင့် ဖူး ကြက်သွန်စိုက် | |
| ဝင်ငွေ/ထွက်ငွေ | / $$ | $ / $$ | $ / $$ | $ / $$ | / $ | $ / $$ | $ / $$ | $$ / $$$ | $$$ / $ | $$ / $ | $ / $$ | |
| ကျန်းမာရေး | | ဝမ်းပျက်ဝမ်းလျှော နာစေး | | | | | | နာစေး ချောင်းဆိုး | | | | |
| ပွဲလမ်းသဘင် | တံခွန်တိုင်ပွဲ ကျောင်းတက်ပွဲ | | | ဝါဆိုသင်္ကန်းကပ် | | [illegible] | မီးထွန်းပွဲ [illegible] | သင်္ကန်းကပ် ကထိန် | [illegible] | [illegible] ပွဲ | ထမနဲထိုးပွဲ | [illegible] |
| သောက်သုံးရေ ရရှိမှု | | | | | | | | | | | | |
| အစားအစာဖူလုံမှု | | | | | | | | | | | | |

ပါဝင်ဆွေးနွေးသူ

ကျား- (၂၀) ဦး

မ- (၁၃) ဦး

မှတ်တမ်းတင်သူ

အမည် ဒေါ်နန်း[illegible]

ရာထူး [illegible]

## ကုန်းပေါင်းကျေးရွာ၏ ရာသီခွင်ပြက္ခဒိန် သုံးသပ်ချက်

## ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်

ကုန်းပေါင်းကျေးရွာ၏ အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်သောကြောင့် ပြာသိုလမှတပေါင်းလတွင် စိုက်ပျိုးရန်ပြင်ဆင်ပြီး မြက်ရှင်း၊ မီးရှို့တောရှင်းခြင်း လုပ်ငန်းများဆောင်ရွက်ကာ စိုက်ပျိုးရေးလုပ်ငန်း အတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားကြလေ့ရှိသည်။ ဂါဆိုလထိ စပါး၊ ပြောင်း၊ ပဲစင်းငုံစသော သီးနှံ များကို စတင်စိုက်ပျိုးကြပါသည်။ ထိုအချိန်တွင် လယ်ယာပိုင်ဆိုင်သော အုပ်စုသည်စိုက်ပျိုးရန် မျိုးစေ့များ ဝယ်ယူရသောကြောင့် ထွက်ငွေများသောကာလဖြစ်သည်။သီးနှံစိုက်ပျိုးပြီးသောအခါဂါဆို၊ ဂါခေါင်လတွင် ပိုးသတ်ဆေးဖျန်းခြင်း၊ မြေတူးမြေဆွပြုလုပ်ပေးခြင်း၊ ပေါင်းလိုက်ခြင်း စသည်တို့ကိုပြုလုပ်ကြပါသည်။ တော်သလင်းလမှတပို့တွဲလအထိ စိုက်ပျိုးထားသော စပါး၊ပြောင်း၊ ပဲစင်းငုံစသော ကောက်ပဲသီးနှံတို့ကို ရိတ်သိမ်းကြပါသည်။ တပေါင်းလတွင် ရေသွင်းသောနည်းဖြင့် စားသုံးရန်ကြက်သွန်ဖြူကို တပိုင်တနိုင် စိုက်ပျိုးထားကြပြီး တန်ခူးလတွင် ပြန်လည်ရိတ်သိမ်းကြပါသည်။

ကျေးရွာ၏ဝင်ငွေ/ထွက်ငွေအခြေအနေမှာ စိုက်ပျိုးရိတ်သိမ်းပြီးသော နတ်တော်၊ပြာသိုလတွင် သီး နှံရောင်းချသော ကာလဖြစ်သောကြောင့် ဝင်ငွေရရှိသော ကာလဖြစ်သည်။ တောင်ယာ၊ လယ်ယာပိုင်ဆိုင် သောအုပ်စုသည် စိုက်ပျိုးရေးချိန်တွင် ထွက်ငွေများသော်လည်း လယ်ယာပိုင်ဆိုင်မှု မရှိသောအုပ်စုသည် နေ့စားလိုက်ခြင်းဖြင့် ဂင်ငွေရသော ကာလဖြစ်သည်။ တဖက်တွင် သစ်သီးဂလံမှည့်သောအချိန်၊ နွေ အကုန်မိုးအဦး ကာလဖြစ်သောကြောင့် ဂမ်းလျှောဂမ်းပျက်ရောဂါခံစားရခြင်း၊ ချောင်းဆိုးနာစေး ရောဂါ ခံစားရခြင်းစသော ကျန်းမာရေးပြဿနာများကို အဖြစ်များကြောင်း ဆွေးနွေးချက်များအရသိရှိရသည်။ သီးနှံအသစ်မထွက်ရှိသေးသောကြောင့် စားနပ်ရိက္ခာကုန်ဆုံးသော ကာလလည်းဖြစ်သည်။

သီတင်းကျွတ်လမှစပြီး နတ်တော်လထိ သီးနှံများကိုရိတ်သိမ်းကြပြီး ဘာသာရေး ပွဲတော်များ ဖြစ်သော ဆီးမီးပူဇော်ပွဲ၊ ဒီးကူပွဲ၊ ကထိန်သင်္ကန်းကပ်လှူပွဲ၊ တံခွန်တိုင်ပွဲစသည်တို့ကို ဆင်နွှဲကြသည်။ သီးနှံရောင်းချပြီး နတ်တော်လတွင် ရှမ်းနှစ်သစ်ကူးပွဲ၊ ကောက်သစ်စားပွဲတို့ကို ဆက်လက်ဆင်နွှဲကြသည်။ နတ်တော်လတွင် ကယားရိုးရာငှက်လိုက်ပွဲ၊ တပေါင်းလတွင် တောလိုက်ပွဲများကို ရိုးရာအစဉ်အလာမပျက် ဆင်နွှဲကြ သည်။

စိုက်ပျိုးရေးအလုပ်ပါးသော ပြာသိုလ၊ တပို့တွဲလ၊ တပေါင်းလတွင်ထင်းခွေခြင်း၊ တောင်ယာအ သစ်ခုတ်ခြင်း၊ တောင်ယာရှင်းလင်းထားခြင်း၊ အိမ်သန့်ရှင်းရေးနှင့် ပတ်ဂန်းကျင်သန့်ရှင်းရေး ပြုလုပ်ကြ သည်။ အချို့သောအိမ်တွင် လက်သမား၊ ပန်းရံပြုလုပ်ခြင်း၊ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ခြင်း ပြုလုပ်ကြသည်။ နွေရာသီတွင် သောက်သုံးရေရှားပါးသော အချိန်လည်းဖြစ်သည်။

ကုန်းပေါင်းကျေးရွာတွင်ရှိသော အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုသည်လည်း စိုက်ပျိုးရေး လုပ်ငန်းကိုသာ လုပ်ကိုင်ကြသည်။ စိုက်ပျိုးရေးလုပ်ငန်းတစ်မျိုးထဲကိုသာ လုပ်ကိုင်ကြသောကြောင့် သီးနှံဈေးမကောင်းသော အချိန်တွင် တစ်နှစ်တာဂင်ငွေနှင့် တစ်နှစ်တာအသုံးစရိတ်သည် မျှတမှုမရှိသော ကြောင့် မိသားစုအတွင်း လုံလောက်မှုမရှိချေ။ ထို့ကြောင့်အဆင်ပြေသော အုပ်စုထံ တွင် ချေးငွေယူကာ သီးနှံထွက်ချိန်တွင်ပြန်ဆပ်ခြင်း၊ နေ့စားပြန်လိုက်ပေးခြင်း ပြန်ဆပ်ကြရသည်။ စိုက်ပျိုးသီးနှံထွက်မှု ပေါ် တွင် မူတည်ပြီး တစ်နှစ်တာဂင်ငွေသည် (၈)သိန်းခန့်ရှိသည်။ တူညီသောအလုပ်အတွက် လုပ်အားခ

တန်းတူတန်းတူပေးချေကြသည်။ အမျိုးသမီးများသည်လည်း စိုက်ပျိုးရေးလုပ်ငန်းပေါ်တွင် မှီခိုအားထားကြရသည်။ အမျိုးသမီး၏ အသက်မွေးဝမ်းကျောင်းနှင့် ဆက်စပ်ပြဿနာများမှာ အိမ်မှုကိစ္စတွင်သာ အချိန်ကုန်နေရခြင်း၊ ပညာသင်ကြားခွင့်မရရှိခြင်း၊ ပြင်ပဗဟုသုတအားနည်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း တို့ကြောင့်ဖြစ်သည်။ တန်ခူးလတွင် သင်္ကြန်ပွဲတော်ကို ဆင်နွှဲရင်း တစ်နှစ်တာ ကုန်ဆုံးပြီး နှစ်သစ်ကိုကြိုဆိုကြသည်။

ကုန်းပေါင်းကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန်ကို သုံးသပ်ခြင်းအားဖြင့် စိုက်ပျိုးရေးအားလပ်သော အချိန်သည်ပြာသိုလ၊တပို့တွဲလ၊ တပေါင်းလတွင်အလုပ်ပါးသော အချိန်ဖြစ်သောကြောင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရန် သင့်တော်သောကာလ ဖြစ်သည်ဟု သုံးသပ်မိသည်။

## ကုန်းပေါင်းကျေးရွာ အရင်းအမြစ် ပိုင်ဆိုင်မှု၏သုံးစွဲမှုပုံစံပြဇယား

| ကျား | မ | ကျား+မ |
|---|---|---|
| ကိုင်းရှည်ထွန်စက် | | ဆိုင်ကယ် |
| ထော်လဂျီ | | လယ်ယာ |
| ကား | | တောင်ယာ |
| မြတ်ရိတ်စက် | | စက်ဘီး |
| ရေဖော်စက် | | လမ်း |
| သစ်တော | | တံတား |
| ငါးဖမ်းပိုက် | | ဘုန်းကြီးကျောင်း |
| | | စေတီ |
| | | ရေတွင်း |
| | | ရေကန် |
| | | ဂါးရုံ |
| | | တံခွန်တိုင် |

# ကုန်းပေါင်းကျေးရွာ အရင်းအမြစ် ပိုင်ဆိုင်မှု၏ သုံးစွဲမှုပုံစံပြဇယား

| ကျား | မ | ကျား+မ |
|---|---|---|
| ကိုင်းရှည်ထွန်စက် | | ဆိုင်ကယ် |
| ထော်လဂျီ | | လယ်ယာ |
| ကား | | တောင်ယာ |
| ငါးဖမ်းပိုက် | | စက်ဘီး |
| သစ်တော | | လမ်း |
| ရေဖော်စက် | | တံတား |
| မြက်ရိတ်စက် | | ဘုန်းကြီးကျောင်း |
| | | စေတီ |
| | | ရေတွင်း |
| | | ရေကန် |
| | | ဂါးရုံ |
| | | တံခွန်တိုင် |
| | | ခန်းမဆောင် |

## ကုန်းပေါင်းကျေးရွာ၏ အရင်းအမြစ် သုံးစွဲ၊ထိန်းချုပ်မှု သုံးသပ်ချက်


## ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်

ကုန်းပေါင်းကျေးရွာ၏ အရင်းအမြစ် သုံးစွဲ၊ထိန်းချုပ်မှု သုံးသပ်ဆွေးနွေးရာတွင် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သောကြောင့် လယ်ယာသုံးပစ္စည်းများဖြစ်သော ကိုင်းရှည်ထွန်စက်၊ထော်လဂျီ၊ ကား၊ မြတ်ရိတ်စက်စသည်တို့ကို အမျိုးသားများက ထိန်းချုပ်သုံးစွဲကြသည်။ အခြားသောသစ်တော ၊ငါးဖမ်းပိုက်၊ ရွှေဘော်စက် တို့ကိုလည်း သုံးစွဲထိန်းချုပ်ကြသည်။ အမျိုးသမီးများသည်လည်း ကောက်စိုက်ခြင်း၊ အိမ်မှုကိစ္စ ပြုလုပ်ခြင်းဖြင့် တဖက်တလမ်းတွင် ပါဝင်ကူညီကြသည်။ ရေကန်၊ တောင်ယာ ၊လယ်၊ လမ်း၊ ဆိုင်ကယ်၊ သချိုင်း၊ ဂါးရုံ၊ခန်းမဆောင် စသည်တို့ကို အမျိုးသားနှင့်အမျိုးသမီးများက တိုင်ပင်ညှိနှိုင်းကာ ထိန်းချုပ်ကြ သည်။ပြုပြင်ထိန်းချုပ်သောအပိုင်းတွင် အမျိုးသားက ဦးဆောင်သော်လည်း သန့်ရှင်းရေး အပိုင်းတွင် အမျိုးသမီးများက ဦးဆောင်ကြသည်။

ကုန်းပေါင်းကျေးရွာ၏ အမျိုးသမီးသီးသန့်သုံးစွဲ၊ ထိန်းချုပ်သောအရင်းအမြစ် မရှိဘဲနှစ်ဦးစလုံးတိုင်ပင်ဆွေးနွေးကာ ထိန်းချုပ်သုံးစွဲကြသည်။ အမျိုးသမီးများသည် ပစ္စည်းဥစ္စာနေထိန်းချုပ်ရာတွင် အမျိုးသားထက် စေ့စပ်သေချာသောကြောင့် အမျိုးသားမှ ရှာလာသောငွေများကို အမျိုးသမီးထံအပ်နံလေ့ရှိကြသည်။ အမျိုးသမီးထိန်းချုပ်၊သုံးစွဲမှု အားနည်းရခြင်းမှာ ကြောက်စိတ်များခြင်း၊ ကိုယ့်ကိုယ့်ကြည်မှုမရှိခြင်း၊ နောက်ဆံတင်းခြင်း၊ရှေးရိုးအစွဲကြောင့်အမျိုးသမီးများ အိမ်မှုကိစ္စတွင်သာလုပ်ဆောင်ရမည်ဖြစ်ပြီး ပညာသင်တတ်ရန်မလိုအပ်ကြောင်း၊ အမျိုးသားများနှင့် တန်းတူအခွင့်အရေးမရရှိခြင်း တို့ကြောင့်ဖြစ်သည်။ အမျိုးသားများက ဦးဆောင်ခွင့်ပေးထားသော်လည်း ကိုယ့်ကိုယ့်ကြည်မှုမရှိခြင်း၊ စိုးရိမ်စိတ်များခြင်း၊ အားကိုးလိုစိတ်များခြင်း၊ အမျိုးသားများ၏ ဦးဆောင်မှုကို အပြည့်အဝယုံကြည်ခြင်း၊ ရှက်ကြောက်ခြင်းစသည် တို့ကြောင့် ဖြစ်သည်ဟု ဆွေးနွေးချက်များအရ သိရှိရပါသည်။

ကုန်းပေါင်းကျေးရွာ၏ အရင်းအမြစ်ထိန်းချုပ်မှုဇယားကို သုံးသပ်ခြင်းအားဖြင့် အသိပညာဗဟုသုတဆိုင်ရာစွမ်းရည်မြှင့်သင်တန်းများပေးခြင်း ၊ စီမံကိန်းတွင်လက်တွဲခေါ်ဆောင်ခြင်း၊ ဆုံးဖြတ်ပိုင်ခွင့်ပေးခြင်းဖြင့် အမျိုးသမီးများ စွမ်းရည်မြှင့် တက်လာနိုင်ကြောင်း သုံးသပ်မိသည်။

# ပင့်ကူအိမ်ပြမြေပုံ


ပင့်ကူအိမ်သုံးသပ်ခြင်းပြပုံ
ပါဝင်ဆွေးနွေးသူ
ကျား- ၂၀ ဦး
မ- ၁၃ ဦး
မှတ်တမ်းတင်သူ
အမည် - ဒေါ်ခွန်းစိန်နု
ရာထူး - လူထုစည်းရုံးရေးမှူး

## ပင့်ကူအိမ်သုံးသပ်ချက်

## ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်

ကုန်းပေါင်းကျေးရွာ၏ ကျား-မရေးရာကဏ္ဍကို ပြန်လည်သုံးသပ်ရာတွင် ဦးဆောင်မှုအနေဖြင့် အမျိုးသားများအဆင့်(၈)တွင်တည်ရှိပြီး အမျိုးသမီးများအဆင့်(၇) တွင်တည်ရှိပါသည်။ ထိုသို့ အားနည်းရခြင်းမှာ အမျိုးသမီးများသည် ရှေးရိုးစွဲအယူအဆများကြောင့် အစည်းအဝေးများတွင် မပြောရဲမဆိုရဲ၊ ရှက်တတ်ခြင်း၊ ကိုယ့်ကိုယုံကြည်မှုမရှိခြင်း၊ ပညာဗဟုသုတအားနည်းခြင်း၊ ကြောက်တတ်ခြင်းများကြောင့် လူတောမတိုးရဲတော့ပဲဦးဆောင်မှုများတွင် အားနည်းနေပါသည်။


ပညာရေးလက်လှမ်းမှီမှုတွင် အမျိုးသားများနှင့် တန်းတူအခွင့်ရေးရှိပါသည်။ အမျိုးသားများကသာ အတန်းပညာရေးကို စိတ်ဝင်စားမှုအားနည်းခြင်းပြီး ကျောင်းထွက်ကာ ပြင်ပသို့သွားရောက်အလုပ်အကိုင်အခွင့်အလမ်းရှာဖွေကြသည်။ အမွေရပိုင်ခွင့်တွင် မိဘကိုကျွေးမွေးစောင့်ရှောက်သော သား၊သမီးကသာ ရပိုင်ခွင့်ရှိသည်ဟု ဆွေးနွေးချက်အရ သိရှိရသည်။ ဆုံးဖြတ်ပိုင်ခွင့်တွင် အမျိုးသမီးအား နည်းရခြင်းမှာ ကိုယ့်ကိုယုံကြည်မှုမရှိခြင်း၊ကြောက်စိတ်ရှိခြင်း၊ အမျိုးသားကဆုံးဖြတ်ပိုင်ခွင့်ပေးထားသော်လည်း စိတ်မနိုင်ခြင်း၊ အိမ်မှုကိစ္စတွင်သာအချိန်ကုန်နေရပြီး ပြင်ပဗဟုသုတအားနည်းခြင်း တို့ကြောင့်ဖြစ်သည်။

အလုပ်အကိုင်အခွင့်အလမ်းတွင်အမျိုးသမီးများ အားနည်းရခြင်းမှာ အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ အဝေးသို့အလုပ်သွားလုပ်ရာတွင် လုံခြုံမှုအားနည်းခြင်းကြောင့် မသွားရဲခြင်း၊ အိမ်မှုကိစ္စတွင်သာ အချိန်ကုန်နေရခြင်းကြောင့် ဖြစ်သည်။ လူမှုရေးလုပ်ငန်းတွင် ပူးပေါင်းပါဝင်မှုသည် ကျေးရွာသာရေးနာရေးကိစ္စတွင် အမျိုးသားများသည် ချက်ပြုတ်ရေးတွင် တာဝန်ယူရပြီး အမျိုးသမီးများသည်ဧည့်ခံကျွေးမွေးခြင်း၊ ပန်းကန်ဆေးခြင်းတို့တွင် ပါဝင်ကူညီရသည်။ အမျိုးသားများကပြုပြင်ထိန်းသိမ်းရေးအပိုင်းတွင်ဦးဆောင်ကြပြီး သန့်ရှင်းရေးအပိုင်းတွင် အမျိုးသမီးများဦးဆောင်ကြသည်။ အိမ်မှုကိစ္စတွင် အမျိုးသားများအားနည်းရခြင်းမှာ ဂင်ငွေရသောအလုပ်တွင်သာစိတ်ဂင်စားခြင်း၊ မိသားစုအတွက်ဂင်ငွေရှာနေရခြင်း၊ ရှေးရိုးအစွဲကြောင့်အမျိုးသမီးတွင်သာတာဂန်ရှိခြင်း တို့ကြောင့်ဖြစ်သည်။

ပင့်ကူအိမ်အဆင့်ကို ကြည့်ခြင်းအားဖြင့် ကုန်းပေါင်းကျေးရွာတွင်ရှိသော ကျေးရွာရပ်ရေးရွာရေးကိစ္စတွင်အမျိုးသားများက ဦးဆောင်မှု၊ဆုံးဖြတ်မှုပြုလုပ်ကြသည်။ အမျိုးသမီးများက အိမ်မှုကိစ္စတွင်သာ အချိန်ကုန်နေရပြီး ပြင်ပဗဟုသုတအားနည်းနေကြောင်းတွေ့ရသည်။ အမျိုးသမီးများအတွက် အသက်မွေးဂမ်းကျောင်းကဲ့သို့သင်တန်းများပေးပြီး အလုပ်ကိုင်အခွင့်လမ်းဖန်တီးပေးခြင်း၊ စီမံကိန်းတွင်လက်တွဲခေါ်ဆောင်ခြင်း၊ ကျေးရွာရပ်ရေးရွာရေးကိစ္စတွင် ဆုံးဖြတ်စေခြင်းဖြင့် အမျိုးသမီးများတိုးတက်လာနိုင်ကြောင်း သုံးသပ်မိသည်။

# အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ

အဖွဲ့.အစည်းချိတ်ဆက်မှု ပြပုံ(ကျေးရွာအတွင်း/အပြင်)




ပါဝင်ဆွေးနွေးသူ

ကျား- ၂၀ ဦး

မ- ၁၃ ဦး

မှတ်တမ်းတင်သူ

အမည် - ဒေါ်နန်းဆိုင်နု

ရာထူး - လူထုစည်းရုံးရေးမှူး

## ကုန်းပေါင်းကျေးရွာ၏ ဖင်းပုံစံ သုံးသပ်ချက်

## ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်

ကုန်းပေါင်းကျေးရွာတွင်းရှိ အုပ်ချုပ်ရေးမှူးနှင့်အတွင်းရေးမှူးသည် ရပ်ရွာအတွက်မြို့နယ်ပြည်နယ်မှသတင်းအချက်အလက်များ၊ ပွဲလမ်းသဘင်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်များအတွက် အစည်းအဝေးအထမြောက်ရန် စီစဉ်ပေးရပါသည်။ အုပ်စုမှအစည်းအဝေးတက်လျှင် ကျေးရွာကိုယ်စားအဖြစ်တက်ရောက်ရပြီး ကျေးရွာလူထုကိုပြန်လည်တင်ပြပေးရပါသည်။ ကျေးရွာရပ်မိရပ်ဖကော်မတီ (၅)ဦးအဖွဲ့သည်ကျေးရွာတွင်သာရေးနာရေး၊ ပဋိပက္ခများဖြစ်ပေါ်လာပါက ကူညီဆုံးဖြတ်ပေးရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာအုပ်ချုပ်ရေးမှူး၊ အတွင်းရေးမှူးဖွဲ့စည်းထားသောကော်မတီများမှ အဓိကဦးဆောင်မှုပြုလုပ်ကြသည်။ ကျေးရွာပြင်ပမှဝင်ရောက်လာသော အဖွဲ့အစည်းများသည် ကျေးရွာအုပ်ချုပ်ရေးမှူးကိုအကြောင်းကြားပြီး အုပ်ချုပ်ရေးမှူးမှတဆင့် ကျေးရွာလူထုနှင့်ချိတ်ဆက်ပေးသည်။ကျန်ရှိသောကျေးရွာတွင်းအဖွဲ့အစည်းများမှာအမျိုးသမီးလူငယ်အဖွဲ့၊ အမျိုးသားလူငယ်အဖွဲ့သည် ကျေးရွာတွင်းသာရေးနာရေးကိစ္စ၊ ဘာသာရေးကိစ္စတွင် အဓိကဦးဆောင်ကြသည်။

ကျေးရွာပြင်ပ အဖွဲ့အစည်းဖြစ်သော Save the Children အဖွဲ့သည် ကျေးရွာသို့ ၂၀၁၅ခုနှစ်မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလထိဝင်ရောက်ကာ ဆေးဝါးထောက်ပံ့ပေးခြင်း၊ ဌက်ဖျားသွေးစစ်ဆေးပေးခြင်း၊ ခြင်ထောင်ထောက်ပံ့ပေးခြင်း၊ အိမ်တိုင်းတွင်ယင်လုံအိမ်သာထောက်ပံ့ပေးခဲ့သည်။၎င်းအဖွဲ့သည်ကျေးရွာတွင်စေတနာ့ဝန်ထမ်း(၁)ဦးဖွဲ့စည်းထားပြီး ကျေးရွာလူထုနှင့်ချိတ်ဆက်ဆောင်ရွက်ကြသည်။ ၎င်းအဖွဲ့အစည်းသည် ယခုအခါတွင် ကျေးရွာလူထုနှင့်ချိတ်ဆက်မှုမရှိတော့ပေ။

လူထုဗဟို ပြုစီမံကိန်းသည် (၂၀၁၇)ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး ကျေးရွာကော်မတီ၊ ကျေးရွာလူထုနှင့်ချိတ်ဆက်ကာ ကွန်ကရစ်တံတားတည်ဆောက်ပေးခဲ့သည်။ (၂၀၁၈-၂၀၁၉)ခုနှစ်တွင် ကျေးရွာ၏ အဓိကလိုအပ်ချက်ဖြစ်သော ခန်းမဆောင်ကိုလည်းတည်ဆောက်ပေးခဲ့သည်။ ၎င်းအဖွဲ့သည်ကော်မတီ (၁၃)ဦးဖွဲ့ထားပြီး(၄)နှစ်စီမံကိန်းဖြစ်သည်။ ကရင်နီနယ်လှည့်ကျန်မာရေးအဖွဲ့သည် တစ်လ(၁)ကြိမ်ကျေးရွာတွင်းသို့ဝင်ရောက်ပြီး ဆေးဝါးထောက်ပံ့ပေးခြင်း၊ ဆေးကုသပေးခြင်းတို့ဆောင်ရွက်ပေးခဲ့သည်။

ကုန်းပေါင်းကျေးရွာ၏ ဖင်းပုံစံ သုံးသပ်ချက်အရ ကျေးရွာပြင်ပမှ ဝင်ရောက်လာသော အဖွဲ့အစည်းသည် အုပ်ချုပ်ရေးမှူး၊ အတွင်းရေးမှူး မှတဆင့် ကျေးရွာလူထုနှင့် ချိတ်ဆက်ဆောင်ရွက်ရသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို အဓိက ဦးဆောင်ပြီး ကျေးရွာရပ်မိရပ်ဖက အားလုံးဝိုင်းဝန်းဆောင်ရွက်ကြောင်းသိရှိနိုင်သည်။

## ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းပုံဇယား

**ကျေးရွာစီထောက်ကော်မတီဥက္ကဌ**

၁။ ဦးစိုင်းခမ်းမှူး

၂။ ဒေါ်နန်းငွေရီ

**စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ**

၁။ ဦးစိုင်းမွန်း

၂။ ဒေါ်နန်းခမ်း

**လည်ပတ်ထိန်းသိမ်းရေးကော်မတီ**

၁။ ဦးတူးရယ်

၂။ ဒေါ်နန်းမတ်

**ဂယ်ယူရေးကော်မတီ**

၁။ ဦးဖြူသင်း

၂။ ဒေါ်နန်းနွံ

**ကျေးရွာစေတနာ့ဂန်ထမ်း**

၁။ ဦးရှားရယ်

၂။ ဒေါ်နန်းယဉ်

**ဂေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးအဖွဲ့**

၁။ ဦးစိုင်းဦး

၂။ ဒေါ်နန်းလျှန်

**ငွေစာရင်းကိုင်**

၁။ ဦးမောင်နီ

**ပါဂင်ဆွေးနွေးသူ**

ကျား- (၂၀) ဦး


မ - (၁၃) ဦး

**မှတ်တမ်းတင်သူ**

အမည် -ဒေါ်နန်းစိန်နု

ရာထူး - လူထုစည်းရုံးရေးမှူး

## ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား




ပါဝင်ဆွေးနွေးသူ

ကျား- ( ၄၄) ဦး

မ - (၂၂)ဦး

မှတ်တမ်းတင်သူ

အမည်-ဒေါ်နန်းစိန်န

ရာထူး -လူထုစည်းရုံးရေးမှူး

# အုပ်စုကော်မတီအဖွဲ့ဝင်များ

| စဉ် | ကော်မတီအမျိုးသားများ | စဉ် | ကော်မတီအမျိုးသမီးများ |
|---|---|---|---|
| ၁ | ဦးစိုင်းလိတ် | ၁၄ | ဒေါ်အဲလစ်ဇဘတ် |
| ၂ | ဦးစိုင်းခမ်းမှူး | ၁၅ | ဒေါ်နန်းငွေရီ |
| ၃ | ဦးကျော်လှ | ၁၆ | ဒေါ်မငယ် |
| ၄ | ဦးမားရီးကို | ၁၇ | ဒေါ်နှင်းရွှေ |
| ၅ | ဦးအန်ဂျလို | ၁၈ | ဒေါ်ခရစ္စတီးနား |
| ၆ | ဦးကီးရယ် | ၁၉ | ဒေါ်နားမို |
| ၇ | ဦးကြား | ၂၀ | ဒေါ်ဘယ်ရော |
| ၈ | ဦးစူးရယ် | ၂၁ | ဒေါ်တူးမြာ |
| ၉ | ဦးယောဟန် | ၂၂ | ဒေါ်နန်းနအေး |
| ၁၀ | ဦးငါးရယ် | ၂၃ | ဒေါ်နန်းခင်သိန်း |
| ၁၁ | ဦးခဲပေး | ၂၄ | ဒေါ်နန်းခမ်းသည် |
| ၁၂ | ဦးစိုင်းပြား | ၂၅ | ဒေါ်နန်းထွေးညို |
| ၁၃ | ဒေါ်နန်းငွဲ | | |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏အမည် | |
|---|---|---|---|
| ဦးထွန်းအောင် | ၀၉-255108870 | ဒေါ်နန်းခိန်နု | |
| ပြည်နယ်၊တိုင်းဒေသကြီး ။ ကယား | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု ဒီးဝဝါး | ကျေးရွာ ကွန်းပေါင်း |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)---ရှမ်း--- | ၂၃ | ဘာသာ(၁)--ဗုဒ္ဓ------ | ၂၃ |
| လူမျိုးစု (၂)------------ | | ဘာသာ(၂)------------ | |
| လူမျိုးစု (၃)-ကယား | ၁၁ | ဘာသာ(၃)-ဗုဒ္ဓ-------<br>(တံခွန်တိုင်) | ၁၃ |
| | | | |
| လူမျိုးစုရော-ရှမ်း+ကယား | ၂ | ဘာသာရော----------- | |
| အခြား | | | |

| | အရေအတွက် |
|---|---|
| မသန်စွမ်းသူများ | ၁ ဦး |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၇ ဦး |
| စစ်ဘေးရှောင် | - |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | ၇၉ | ၇၇ | ၁၅၆ |
| လူမျိုးစု (၁)---ရှမ်း--- | ၅၃ | ၄၇ | ၁၀၀ |
| လူမျိုးစု (၂)-ကယား | ၂၃ | ၂၆ | ၄၉ |
| လူမျိုးစု (၃)-ရှမ်း+ကယား | ၃ | ၄ | ၇ |
| အခြား | | | |
| အိမ်ထောင်ဦးစီး | ၂၉ | ၇ | ၃၆ |

(ဓ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက်<br>တ်ဆွန်ဝိုင် | |

(ဂ)ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂)ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက် ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
